

ဘာသာပြန် စာရေးဆရာ – အပြုံးလေး

# သိုင်းပါရဂူ

(ချင်းချန်)

(Chapter 5863-5882)

စာစဉ် – ၂၉၄

အပိုင်း ( ၅၈၆၃ )

*

ချင်းချန် သက်ပြင်းချလိုက်သည်။

အင်ပါယာမင်း၏ကိုယ်ပွားက မူလခန္ဓာကိုယ်နှင့် သတင်းမချိတ်ဆက်နိုင်ခဲ့သဖြင့် လောလောဆယ် ဤနေရာက လုံခြုံသည်ဟု ပြောလို့ရ၏။

" သခင်လေး သခင်မလေးရဲ့ ဒဏ်ရာတွေကကော "

မသေမျိုးဘုရင် ချင်းချန်ကို သူသိချင်သောအရာကို မေးလိုက်သည်။

တစ်ဖက်တွင် ချင်းချန် သက်ပြင်းချလိုက်၏။

" စီစီ အခုချိန်အထိ မသက်သာသေးဘူး၊ သူမ ထာဝရဘေးဒုက္ခပင်လယ်ထဲမှာ ရှိသေးတယ် "

" မသက်သာသေးဘူး ဟုတ်လား "

မသေမျိုးဘုရင်၏မျက်နှာ ပျက်ယွင်းသွားသည်။

" ကေရီရဲ့ မူလအရင်းအမြစ်စွမ်းအားကတောင်မှ သခင်မလေးရဲ့ ဒဏ်ရာကို မကုသနိုင်ဘူးလား "

ထိုသို့ပြောလိုက်ပြီး သူ၏မျက်နှာက ဖြူဖျော့သွား၏။

" သခင်မလေး၊ ကေရီ ဟုတ်လား "

" မသေမျိုးဘုရင် ဒီမှာဘာတွေဖြစ်နေလဲဆိုတာ ငါ့ကိုသေချာပြော "

တစ်ဖက်တွင် အမှောင်ကြယ်က အောက်လမ်းမိစ္ဆာစွမ်းအားကို ထိန်းချုပ်နိုင်သော မိုလီနှင့် တိုင်ယင်နတ်သမီးတို့အားကြည့်ပြီး မျက်လုံးကမှိုင်းညို့နေသည်။ သူမ၏ ခန္ဓာကိုယ်မှအရှိန်အဝါကလည်း တလူလူဖြင့် ထွက်ပေါ်နေပြီး အမှောင်ကြယ်များက ထာဝရဘေးဒုက္ခပင်လယ်၏ အပြစ်သားစွမ်းအားများကို နှိုးဆွထား၏။

ချင်းချန်သည် အင်ပါယာမင်းကို သတ်လိုက်သော်လည်း သူ၏အဖွဲ့ထဲတွင် အောက်လမ်းမိစ္ဆာစွမ်းအားများကို ထိန်းချုပ်နိုင်သူများရှိသဖြင့် ချင်းချန်နှင့် သူမက တစ်ဖွဲ့တည်းဟု မဆိုလိုနိုင်ချေ။

ထို့ကြောင့် အမှောင်ကြယ် အကုန်လုံးကို သတိထားနေသည်။

ယခုနက သူမသိခဲ့ရသည့် အချက်များအရဆိုလျှင် ဧကရီမင်ယွီမှာ အောက်လမ်းမိစ္ဆာမျိုးနွယ်စုကြောင့် ပျောက်ကွယ်သွားရခြင်းဖြစ်၏။

" အပြစ်သားကပ်ဘေးစွမ်းအား "

ချင်းချန်၏ မျက်လုံးများ မှေးစင်းသွားပြီး အမှောင်ကြယ်၏ ဘေးနားတွင်ရှိသော အနက်ရောင်ကြယ်များကို အလေးအနက်ကြည့်လိုက်သည်။

တစ်ဖက်တွင် မသေမျိုးဘုရင်ကလဲ...

" အမှောင်ကြယ် စိတ်လိုက်မာန်ပါမလုပ်နဲ့ သူကဧကရီရဲ့သားမက်ပဲ ငါတို့ရဲ့သခင်လေး ... "

မသေမျိုးဘုရင် အင်ပါယာအား ရှင်းပြရန် ကြံရွယ်လိုက်သော်လည်း ချင်းချန်ကလက်မြှောက်ကာ တားဆီးလိုက်သဖြင့် သူ၏ပါးစပ်ကို ပိတ်လိုက်ရ၏။

ချင်းချန် အမှောင်ကြယ်ကို တလေးတနက်ပင် ကြည့်လိုက်သည်။

" ကြည့်ရတာနင်က ဧကရီမင်ယွီ ချန်ထားခဲ့တဲ့ လျှို့ဝှက်ဝှက်ဖဲတစ်ခုဖြစ်ပုံ

ပဲ၊ မင်းသိသမျှအရာအားလုံး ငါ့ကိုပြောပြ "

ထိုစကားက အမှောင်ကြယ်၏ မျက်လုံးများကို ပို၍စူးရှသွားစေ၏။

" မသေမျိုးဘုရင်နင်က စီမင်နန်းတော်ကို ပိုင်ဆိုင်ထားတယ်ဆိုတော့ ဧကရီနင့်ကို ယုံကြည်ခဲ့တယ်ဆိုတာ သေချာတယ်၊ ဘာကိစ္စနင်က အောက်လမ်းမိစ္ဆာမျိုးနွယ်စုကလူတွေနဲ့ ပတ်သက်နေတာလဲ "

အမှောင်ကြယ် မသေမျိုးဘုရင်ကို ထိုကဲ့သို့ ပြောလိုက်သော်လည်း သူမ၏ မျက်လုံးများကတော့ ချင်းချန်ကိုသာ မျက်တောင်မခတ်ပဲ စိုက်ကြည့်နေသည်။

ထိုကောင်လေးက အလွန် အန္တရာယ်များသည်ဆိုတာကို သူမအသိဆုံးဖြစ်၏။

" စိတ်ဝင်စားစရာပဲ "

တစ်ဖက်တွင် ချင်းချန်ပြုံးလိုက်သည်။

" ကြည့်ရတာ ဧကရီမင်ယွီက သူ့ရဲ့သစ္စာရှိလူနှစ်ယောက်ဆီမှာ လျှို့ဝှက်ချက်တွေကို ချန်ထားခဲ့ပြီး တစ်ယောက်နဲ့တစ်ယောက် အချင်းချင်း ဆက်သွယ်ခိုင်းခဲ့ပုံမရဘူး "

ထိုသို့ပြောပြီးနောက် ချင်းချန်ခေါင်းညိတ်လိုက်၏။

" ဒါကလဲ ကြက်ဥတွေကို ခြင်းတောင်းထဲမှာ ထည့်ထားရင် အဲ့ခြင်းတောင်းပြုတ်ကျတာနဲ့ အကုန်လုံးကွဲမှာပဲ၊ တစ်ဥချင်းစီ ခွဲထားရင်တော့ တစ်လုံးပြီးမှတစ်လုံး ကွဲမှာပေါ့၊ ဒါပေမဲ့ ဒီလိုလုပ်ခဲ့တာက ပိုပြီးတော့ ခက်ခဲသွားမှာ မဟုတ်ဘူးလား၊ ကြည့်ရတာ ဧကရီမင်ယွီက အန္တရာယ်ကြုံတဲ့အချိန်မှာ စိတ်ရှုပ်ထွေးသွားပုံရတယ် "

" နင်ကဧကရီကို ဘယ်လိုတောင် ဝေဖန်ရဲတာလဲ "

ချင်းချန်စကားဆုံးသည်နှင့် ကြောက်စရာကောင်းသော အမှောင်ကြွယ်က ချင်းချန်ဆီသို့ တိုးဝင်လာသည်။

" နင်ကသခင်ကို တိုက်ခိုက်ရဲတယ်ပေါ့ "

အမှောင်ကြွယ် ချင်းချန်ကို တိုက်ခိုက်သည်အားတွေ့လျှင် အင်ပါယာရှီမိက အရှေ့သို့တိုးလာပြီး တိုက်ခိုက်ရန်ကြံရွယ်၏။

သို့သော် ချင်းချန်တားဆီးလိုက်သည်။

" ဒါက အပြစ်သားကပ်ဘေးစွမ်းအားလေးပဲ "

ချင်းချန် ယောင်ယောင်လေးပြုံးလိုက်ပြီး သူ့ဆီသို့ တိုးဝင်လာသော အနက်ရောင်ကြွယ်ကြီးကို လက်ဖြင့်ဖမ်းဆုပ်လိုက်၏။

အုန်းခနဲပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာပြီး အနက်ရောင်ကြွယ်ကြီးက ချင်းချန်၏လက်ထဲတွင် ဖမ်းဆုပ်ခြင်းခံလိုက်ရကာ သက်တန့်အလင်းတန်းများကို ဖောက်ခွဲထုတ်လာသည်။

ချင်းချန်က အနက်ရောင်ကြွယ်ကို လက်ဖြင့်ဖမ်းဆုပ်လိုက်သည်အားတွေ့လျှင် အမှောင်ကြွယ်၏မျက်လုံးထဲ၌ စူးရှသော အလင်းတန်းများ ဖြတ်ပြေးသွား၏။ သူမချက်ချင်းပင် မူလအရင်းအမြစ်စွမ်းအားကို နှိုးဆွ၍ အနက်ရောင်ကြွယ်၏စွမ်းအားများကို ဖောက်ခွဲထုတ်ရန်လုပ်သည်။

သို့သော် ထိုသို့ကြိုးစားသည့်အချိန်တွင် သူမ၏မျက်နှာကို ပျက်ယွင်းသွားသည်။ အဘယ့်ကြောင့်ဆိုသော် ချင်းချန်၏လက်ထဲ၌ အပြစ်သားကပ်ဘေးစွမ်းအား ထွက်ပေါ်လာပြီး အနက်ရောင်ကြွယ်ကို ထိန်းချုပ်သွားသောကြောင့်ဖြစ်၏။

" ဘာ .. နင်က အပြစ်သားကပ်ဘေးစွမ်းအားကို ထိန်းချုပ်နိုင်တာလား ဒါလုံးဝမဖြစ်နိုင်ဘူး "

အမှောင်ကြယ် တုန်လှုပ်ခြောက်ခြားစွာဖြင့် ပြောလိုက်သည်။ သူမ အံကြိတ်ပြီး ထာဝရဘေးဒုက္ခပင်လယ်ထဲမှ အပြစ်သားကပ်ဘေးစွမ်းအားနှင့် အနက်ရောင်ကြယ်ကို ပိုမို၍ချိတ်ဆက်ရန် ကြိုးစားလိုက်၏။

ထာဝရဘေးဒုက္ခပင်လယ် တစ်ခုလုံးတွင် သူမတစ်ယောက်တည်းကသာ အပြစ်သားကပ်ဘေးစွမ်းအားကို အသက်သွင်းနိုင်သည့် တစ်ဦးတည်းသော သူဖြစ်သည်။

တစ်ခဏအတွင်းပင် ချင်းချန်၏လက်ထဲ၌ရှိနေသော အနက်ရောင်ကြယ် က လက်ထဲမှ လွတ်မြောက်ဖို့အတွက် အပြင်းအထန် ကြိုးစားရင်း တအုန်းအုန်းဖြင့် တုန်ခါလာတော့၏။

" အမ်... "

ချင်းချန်၏ မျက်လုံးများ အရောင်တောက်လာပြီး သူ၏လက်ထဲ၌ မိုးကြိုးလျှပ်စီးများက ထွက်ပေါ်လာကာ အနက်ရောင်ကြယ်ကြီးကို ဝန်းရံသွားသည်။

မိုးကြိုးလျှပ်စီးများက အနက်ရောင်ကြယ်ကို ဝန်းရံသွားသည်နှင့် အမှောင်ကြယ်နတ်သမီး သူမနှင့် ထိုအနက်ရောင်ကြယ်အကြား ချိတ်ဆက်မှု ပြတ်တောက်သွားသည်ဟု ခံစားလိုက်ရ၏။

အနက်ရောင်ကြယ်က ချင်းချန်၏လက်ထဲ၌ ကစားစရာ အရုပ်လေးတစ်ခုလို ပါသွားသည်။

" ငရဲမြစ်အင်ပါယာ လာကြည့် "

ငရဲမြစ်အင်ပါယာ အနက်ရောင်ကြယ်ကို နီးကပ်စွာကြည့်လိုက်ပြီး ခေါင်းတညိတ်ညိတ်ဖြင့် ပြောလိုက်၏။

" ဒါကတကယ်ကို ဧကရီမင်ယွီရဲ့ အမှတ်အသားပါနေတဲ့ ရတနာပဲ၊ ဒီ

ကြယ်တွေက ထာဝရဘေးဒုက္ခပင်လယ်ရဲ့ အပြစ်သားကပ်ဘေးစွမ်းအား တစ်စိတ်တစ်ပိုင်းကို ထိန်းချုပ်နိုင်စွမ်းရှိတယ်၊ ဒါပေမဲ့ဒါက ချေးငှားထားတဲ့ စွမ်းအားတစ်ခုလို့ ပြောရမှာ၊ အမှောင်ကြယ်နတ်သမီးက အပြစ်သားကပ်ဘေးစွမ်းအားကို လုံးဝထိန်းချုပ်နိုင်စွမ်း မရှိဘူး "

ချင်းချန်လည်း ခေါင်းညိတ်လိုက်ပြီး သူ၏လက်ထဲတွင် ကိုင်ထားသော အမှောင်ကြယ်နတ်သမီးဆီသို့ အရှိန်ဖြင့် ပြန်လည်ကာ ပစ်ပေးလိုက်သည်။

အမှောင်ကြယ်နတ်သမီး အနက်ရောင်ကြယ်ကို ဖမ်းယူလိုက်ပြီး သူမနှင့် ကြယ်အကြား ချိတ်ဆက်မှု ပြန်လည်လုပ်ဆောင်လိုက်၏။ ထို့နောက် သူ ချင်းချန်ကို ထိတ်လန့်တကြားဖြင့် ကြည့်လိုက်သည်။

ဧကရီကိုယ်တိုင် ပေးအပ်ခဲ့သည့်ရတနာကို ထိုကောင်လေးက အလွယ်တကူပင် သိမ်းပိုက်သွားနိုင်ခဲ့သည်လား။

မဟာအင်ပါယာတစ်ပါးပင်လျှင် ဤနေရာ၌ရှိနေသော အပြစ်သားကပ်ဘေးစွမ်းအားကို ထိန်းချုပ်နိုင်စွမ်းမရှိပေ။

သို့သော် ယခု...

တစ်ဖက်တွင် ချင်းချန်ကတော့ သူ့ကိုအလန့်တကြားကြည့်နေသော အမှောင်ကြယ်ကို အေးဆေးတည်ငြိမ်စွာဖြင့်ကြည့်ပြီး ပြောလိုက်၏။

" နင်က ဧကရီမင်ယွီရဲ့ လျှို့ဝှက်လက်ကျန်ဝှက်ဖဲဆိုတာ ငါသိတယ်၊ ပြီးတော့ ဒီနေရာက အန္တရာယ်တွေနဲ့ ပြည့်နှက်နေတဲ့ နေရာဆိုတော့ ငါတို့ကြာကြာနေလို့မရဘူး၊ ကိုယ်ပွားတစ်ကောင်က ပျောက်သွားသိရင် အင်ပါယာမင်ရဲ့ မူလခန္ဓာကိုယ်က ရုတ်တရက် လှုပ်ရှားလာနိုင်တယ်၊ အဲ့တာကြောင့် ငါမင်းကိုထပ်ပြီး နှစ်ခါမမေးချင်တော့ဘူး၊ ဧကရီမင်ယွီနဲ့ပတ်သက်တဲ့ မှတ်တမ်းအားလုံး ငါ့ကိုပြောပြ "

ချင်းချန် အမှောင်ကြယ်နတ်သမီးကို အလွန်အေးစက်သော မျက်လုံးများဖြင့် စိုက်ကြည့်ကာ ပြောလိုက်ခြင်းဖြစ်သည်။ ထိုအေးစက်သော အကြည့်အောက်တွင် အမှောင်ကြယ်နတ်သမီး၌ ချွေးစေးများကျဆင်းလာပြီး ကြီးစွာသောဖိအားကို ခံစားလိုက်ရ၏။

အကယ်၍ အမှောင်ကြယ်သာ ဆက်၍ငြင်းဆန်မည်ဆိုလျှင် ချင်းချန်သူမ၏ဝိညာဉ်ကို ရှာဖွေတော့မည် ဖြစ်သည်။

အမှောင်ကြယ်နတ်သမီး ချင်းချန်ကို ကြည့်နေရာကနေ ဘေးနားတွင်ရှိသော တိုင်ယင်နတ်သမီးနှင့် မိုလီတို့ကို ရုပ်ဆိုးသော အမူအရာဖြင့် ကြည့်လိုက်၏။

" ငါနင့်ကို မပြောချင်တာတော့မဟုတ်ဘူး၊ ဒါပေမဲ့ဒီနေရာမှာ အောက်လမ်းမိစ္ဆာမျိုးနွယ်ကလူတွေရှိတယ် "

ဧကရီပျောက်ကွယ်သွားသည်မှာ အောက်လမ်းမိစ္ဆာမျိုးနွယ်စုကြောင့်ဖြစ်သည်။ ထို့ကြောင့် သူမ ထိုမျိုးနွယ်စုမှလူများကို အဘယ့်ကြောင့်ယုံကြည်နိုင်မည်နည်း။

***

# အပိုင်း ( ၅၈၆၄ )

*

" အဲ့တာကို မင်းစိတ်ပူစရာမလိုဘူး "

ချင်းချန် စကားပြောပြီးသည်နှင့် သူ၏လက်ကို ဖေ့ယမ်းလိုက်လျှင် တိုင်ယင်နတ်သမီး၏ ခန္ဓာကိုယ်ထဲမှ သူမ၏ဝိညာဥ် ထွက်ပေါ်လာပြီး ချင်းချန်၏ တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ခြင်းကို ခံထားရ၏။

" အုန်း "

ထို့နောက် ကြာနက်သူတော်စင်သံတမန်၏ ဝိညာဥ်ကလဲ အပြင်သို့ထွက်လာပြီး ချင်းချန်၏ ချုပ်နှောင်ခြင်းကို ခံထားရသည်။

ချက်ချင်းပင် သူမတို့နှစ်ယောက်၏ ဝိညာဥ်ပေါင်းစပ်မှုကြားထဲ၌ ကျွန်စည်းတံဆိပ်က ထွက်ပေါ်လာခဲ့၏။

" ဝိညာဥ်အမှတ်အသား ကျွန်စည်းတံဆိပ် "

အမှောင်ကြယ် ချင်းချန်ကို အလန့်တကြားကြည့်လိုက်သည်။

ချင်းချန် သူ၏လက်ဝါးကို ပြန်လည်၍ လွှတ်လိုက်လျှင် နှစ်ယောက်လုံး၏ ဝိညာဥ်များက ခန္ဓာကိုယ်ထဲသို့ ပြန်လည်ရောက်ရှိသွား၏။

တိုင်ယင်နတ်သမီး၏ မျက်လုံးများက ထိတ်လန့်မှုများ ပြည့်နှက်နေသည်။ ယခုနတုန်းက သူမ၏အသက်မှာ ချင်းချန်၏ လက်ထဲတွင် ရှိနေသည်ကို ခံစားလိုက်ရ၏။

ထိုခံစားချက်က သူမလုံးဝ မခုခံနိုင်သည့် ခံစားချက်လည်းဖြစ်သည်။

၎င်းက စဥ့္နီတုံးပေါ်တွင် လည်စင်းပေးထားသည့် ငါးတစ်ကောင်နှင့် တူညီ၏။

ချင်းချန် တိုင်ယင်နတ်သမီးကို တစ်ချက်ကြည့်လိုက်ပြီး…

" သူမကိုရှင်းပြလိုက် "

တိုင်ယင်နတ်သမီး ချွေးများစို့ရွှဲနေကာ အမှောင်ကြယ်ကို သေချာရှင်းပြသည်။

" အမှောင်ကြယ် ငါ အောက်လမ်းမိစ္ဆာမျိုးနွယ်စုနဲ့ ပူးပေါင်းလုပ်ခဲ့တာ တော့မှန်တယ်၊ ဒါပေမဲ့ ကေရီပျောက်ကွယ် သွားတယ်ဆိုတာ ငါနဲ့လုံးဝမဆိုင်ဘူး၊ ငါက ကြာနက်သူတော်စင်သံတမန်နဲ့ အမှတ်မထင် တွေ့ဆုံပြီးတော့ အင်ပါယာအဆင့်ကို ဖြတ်ကျော်ဖို့အတွက် ပေါင်းစပ်ခဲ့တာ၊ ငါကေရီကို ဘယ်တုန်းကမှ ထောင်ချောက်မဆင်ခဲ့ဘူး "

" ငါယုတ်ညံ့ပေမဲ့ ကေရီကိုတော့ လုံးဝသစ္စာမဖောက်ဘူး "

တိုင်ယင်နတ်သမီး၏ ထိုပြောစကားကြောင့် အမှောင်ကြယ်နတ်သမီး၏ မျက်လုံးထဲ၌ ဆုံးဖြတ်ချက်အချို့ကို ချလိုက်သည့်ပုံဖြင့်…

သူမ မသေမျိုးဘုရင်နှင့် စီမင်နန်းတော်ကိုကြည့်ကာ နောက်ဆုံးပြောပြလိုက်သည်။

" ဒီအပြစ်သားကပ်ဘေးကြယ်က အဲ့ဒီတုန်းက ကေရီမင်ယွှီ ငါ့ကိုပေးအပ်ခဲ့တဲ့အရာပဲ "

အမှောင်ကြယ်နတ်သမီး ဖြည်းညှင်းစွာဖြင့် အကြောင်းအရာများကို ပြန်လည်ရှင်းပြ၏။

ကေရီမင်ယွှီသည် သူမတစ်ယောက်တည်းဆီကိုသာ ရောက်ရှိလာခဲ့ပြီး

အပြစ်သားကပ်ဘေးကြယ်ကို ပေးအပ်ကာ သူမအား ထာဝရဘေးဒုက္ခ ပင်လယ်၏ အပြစ်သားကပ်ဘေးစွမ်းအား တစ်စိတ်တစ်ပိုင်းကို ထိန်းချုပ် အသက်သွင်းနိုင်အောင် လုပ်ပေးခဲ့သည်။

ထိုအချက်ကိုလည်း သူမ အခြားမည်သူမှ မပြောရန်နှင့် သူမမတားဆီးနိုင်သည့် အရာတစ်ခု ဖြစ်ခဲ့လျှင်လည်း အပြစ်သားကပ်ဘေးကြယ်နှင့်အတူ ထာဝရဘေးဒုက္ခပင်လယ်၏ အနက်ရှိုင်းဆုံးကို ဝင်ရောက်ပြီး အပြစ်သားကပ်ဘေးစွမ်းအားများကို ထိန်းချုပ်ကာ သူမပြန်မလာမချင်း ဤနေရာကို ကာကွယ်ရန်အတွက် တောင်းဆိုခဲ့၏။

နောက်ပိုင်းတွင် ဧကရီမင်ယွီ ပျောက်ကွယ်သွားပြီးနောက် အမှောင်ကြယ်က အပြစ်သားကပ်ဘေးကြယ်ကို အသုံးပြုပြီး အင်ပါယာအဆင့်ကို ရောက်ရှိနိုင်ခဲ့သည်။

" ပြီးတော့ ဧကရီနောက်ဆုံး မှာခဲ့တာက စီမင်နန်းတော်ကို ကိုင်ဆောင်ပြီး တစ်စုံတစ်ယောက် ရောက်လာခဲ့ရင် သူ့ကိုကူညီဖို့အတွက် ပြောထားခဲ့တယ် "

ထိုစကားကို အမှောင်ကြယ်က မသေမျိုးဘုရင်အားကြည့်ပြီး ပြောလိုက်ခြင်းဖြစ်၏။

မသေမျိုးဘုရင်လည်း ထိုအချိန်ကျမှ အရာအားလုံး သဘောပေါက်သွားခဲ့သည်။

" နင်စီမင်နန်းတော်ကို မြင်တဲ့အချိန်မှာ အံ့သြနေတာ မထူးဆန်းတော့ဘူး၊ ဒါကြောင့်လည်း တိုင်ယင်နတ်သမီးနဲ့ အောက်လမ်းမိစ္ဆာမျိုးနွယ်စုတို့ ပူးပေါင်းနေတာတောင်မှ နင်ကငါတို့ဘက်ကနေ ရပ်တည်ပြီးကူညီပေးခဲ့တာပေါ့ "

" ပြီးတော့ အံ့သြစရာရှိသေးတယ်၊ အင်ပါယာမင်းက ထာဝရဘေးဒုက္ခပင်လယ်ကို တိတ်တဆိတ်ရောက်လာပြီး ထာဝရဘေးဒုက္ခပင်လယ်ကြီး တစ်ခုလုံးကို ထိန်းချုပ်ဖို့ ကြိုးစားခဲ့တယ်လေ၊ အဲ့ဒီတုန်းက ထာဝရဘေးဒုက္ခပင်လယ်ကြီး အသက်ဝင်လာခဲ့တာ နင့်ကြောင့်လား "

" ဟုတ်တယ် "

အမှောင်ကြယ် ခေါင်းညိတ်လိုက်ပြီး ငရဲလနတ်သမီးကို ဒေါသတကြီး ကြည့်လိုက်၏။

" ငရဲနတ်သမီး တကယ်တော့ နင်အပြင်လူနဲ့ ပူးပေါင်းနေတယ်ဆိုတာ အစောကြီးကတည်းက ငါသိတယ်၊ ဒါပေမဲ့ အင်ပါယာမင်းနဲ့ပူးပေါင်းပြီး ဧကရီမင်းယွီကို ထောင်ချောင်ဆင်တဲ့အထိ မိုက်ကန်းခဲ့မယ်လို့ မမျှော်လင့်ထားဘူး "

စကားပြောရင်း အမှောင်ကြယ်၏ ခန္ဓာကိုယ်မှ ကြောက်စရာကောင်းသော လူသတ်ငွေ့များဖြာထွက်လာသည်။

၎င်းလူသတ်ငွေ့များက ငရဲလနတ်သမီး၏ ခန္ဓာကိုယ်တစ်ခုလုံးကို ဖုံးလွှမ်းသွား၏။

ချင်းချန် သူ၏လက်ကို ဝှေ့ယမ်းလိုက်သည်နှင့် လူသတ်ငွေ့များအားလုံး ပျောက်ကွယ်သွားသည်။

" သူ့ကိုအရေးယူဖို့ အလျင်စလိုမလုပ်နဲ့ဦး သူက ငါတို့အတွက် အကျိုးရှိတယ် "

ထိုသို့ပြောပြီး ချင်းချန် ငရဲလနတ်သမီးကို ကြည့်လိုက်၏။

" နင်ငါ့ကို ဘာလုပ်ချင်လို့လဲ "

ငရဲလနတ်သမီး ချင်းချန်၏စကားကြောင့် မျက်နှာပျက်ယွင်းသွားပြီး

နှလုံးသားအောက်ခြေမှ နားမလည်နိုင်သော ကြောက်ရွံ့မှုများ ထွက်ပေါ်လာခဲ့သည်။

ချင်းချန်၏ အကြည့်အောက်တွင် သူမက မုဆိုးတစ်ယောက်၏ ပစ်မှတ်ထားခံနေရသော သားကောင်ကဲ့သို့ ကြက်သီးမွေးညှင်းများ ထလာ၏။

" ဘာလုပ်ဖို့လဲ ဟုတ်လား "

ချင်းချန် ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

" ဧကရီမင်းယွီကို သစ္စာဖောက်တုန်းက ဒီလိုနေ့မျိုး ရောက်လာမယ်ဆိုတာ မမျှော်လင့်ထားဘူးလား "

" ငါကနင့်ကို စိတ်ဝိညာဥ်ရှာဖွေမလို့ "

" ဝိညာဥ်ရှာဖွေမယ် ဟုတ်လား "

ငရဲလနတ်သမီး၏ မျက်နှာအမူအရာက အကြီးအကျယ် ပျက်ယွင်းသွား၏။

" မဟုတ်ဘူး မလုပ်နဲ့ ငါသိသမျှအားလုံး နင့်ကိုပြောပြနိုင်တယ် "

" မလိုဘူး "

ချင်းချန် တိုက်ရိုက်ပင် ငြင်းဆိုလိုက်သည်။

ဝန်ခံခြင်းထက် စိတ်ဝိညာဥ်ရှာဖွေခြင်းက ပို၍စိတ်ချရ၏။ ထို့အပြင်သူက တိုင်ယင်နတ်သမီးကို စိတ်ဝိညာဥ်ရှာဖွေခဲ့သဖြင့် အင်ပါယာတစ်ပါး၏ စိတ်ဝိညာဥ်ရှာဖွေခြင်းကို အတွေ့အကြုံ ရနေပြီဖြစ်သည်။

ထို့ကြောင့် သူတုံ့ဆိုင်းခြင်းမရှိ ငရဲလနတ်သမီးအရှေ့သို့ ရောက်ရှိသွားပြီး ဦးခေါင်းကိုလက်ဖြင့် ဖိချလိုက်၏။

" မဟုတ်ဘူး မလုပ်နဲ့ "

ငရဲလနတ်သမီး ထိတ်လန့်တကြားဖြင့်အော်ဟစ်ကာ ရုန်းကန်သည်။ သို့သော် ကြောက်စရာကောင်းသော ဝိညာဥ်စွမ်းအားတစ်ခုက သူမ၏စိတ်ဝိညာဥ်ပင်လယ်သို့ တိုက်ရိုက်ပင် တိုးဝင်လာခဲ့၏။

" အုန်း .. အုန်း "

ငရဲလနတ်သမီး သူမ၏စိတ်ဝိညာဥ်ပင်လယ်ကို အစွမ်းကုန်ကာ ကွယ်ကာ ချင်းချန်၏ ဝိညာဥ်ရှာဖွေခြင်းအား ခုခံသည်။

သို့သော် ထာဝရဘေးဒုက္ခပင်လယ်ထဲမှ အပြစ်သားကပ်ဘေးစွမ်းအားက ချင်းချန်၏ ဝိညာဥ်နှင့်အတူ ပါဝင်လာခဲ့ပြီး သူမ၏စိတ်ဝိညာဥ်တစ်ခုလုံးကို တိုက်ရိုက်ထိုးဖောက်သွား၏။

" ညို့ငင်ဖြားယောင်းခြင်း "

အင်ပါယာရှီမီကလည်း ကောင်းစွာပြင်ဆင်ထားပြီး ငရဲလနတ်သမီး၏ စိတ်ဝိညာဥ်ကိုကျူးကျော်ကာ သူမ၏ညို့ငင်ဖြားယောင်းခြင်းနည်းစနစ်ကို အသုံးပြု၍ စိတ်ဝိညာဥ်ပင်လယ်အား တည်ငြိမ်အောင်လုပ်သည်။

" အုန်း "

ချင်းချန်၏ ဦးနှောက်ထဲသို့ မရေတွက်နိုင်သော အချက်အလက်များ ဝင်ရောက်လာပြီး သူ၏ဦးခေါင်းက မူးဝေသွားခဲ့၏။ သို့သော် ယခင်အတွေ့အကြုံများအရ ချင်းချန် မည်သည့်အထိအခိုက်ကိုမှ ခံစားခဲ့ရခြင်း မရှိပေ။

ဆန့်ကျင်ဘက်တွင်တော့ ငရဲလနတ်သမီးမှာ မျက်ဖြူလန်နေပြီး တစ်ကိုယ်လုံးက ဝက်ရူးပြန်ရောဂါသည်ကဲ့သို့ တုန်ခါနေသည်။

အတင်းအကြပ် စိတ်ဝိညာဥ်ရှာဖွေခံရခြင်းက အလွန်အမင်းကို နာကျင်စရာကောင်းသည့် အရာလည်းဖြစ်၏။ ၎င်းကစိတ်ဝိညာဉ်ကို ပြန်လည်ကု

သလို့မရသော ပျက်စီးဆုံးရှုံးမှုများပင် ဖြစ်စေနိုင်သည်။

အပြင်ဘက်တွင်တော့...

တိုင်ယင်နတ်သမီးက ငရဲလနတ်သမီး စိတ်ဝိညာဥ်ရှာဖွေခံနေရသည်ကို ကြည့်ပြီး သူမကလည်း ထိုကဲ့သို့ စိတ်ဝိညာဥ်ရှာဖွေခံခဲ့ရသဖြင့် မျက်နှာက ဖြူဖျော့သွား၏။

အမှောင်ကြယ်နတ်သမီးတောင်မှ မျက်နှာတွင် ထိတ်လန့်မှုအချို့ ထွက်ပေါ်နေသည်။

ထို့အပြင် ကျင့်ကြံအဆင့်အရဆိုလျှင် ငရဲလနတ်သမီးက ချင်းချန်ထက် ပို၍ ကျင့်ကြံအဆင့်မြင့်၏။ ကျင့်ကြံအဆင့်မြင့်သောသူအား နိမ့်သောသူက စိတ်ဝိညာဥ်ရှာဖွေရန် လုံးဝမဖြစ်နိုင်ပေ။

ယခုမူ...

သူမမျက်လုံးအရှေ့တွင် မြင်နေရသောမြင်ကွင်းက သူမ၏ယခင် နားလည်မှုများအားလုံးကို ပြောင်းလဲသွားစေခဲ့သည်။

***